VERMONT

**ကလေးနှင့် မိသားစုများဌာန**
**မိသားစု ဝန်ဆောင်မှုများ ဌာနခွဲ**
280 State Drive
HC 1 North Bldg B
Waterbury, VT 05671-1030

*လူသားဝန်ဆောင်မှုများ အဖွဲ့အစည်း*

မတ်လ 19 ရက် 2020

**နှုတ်ခွန်းဆက်ပါသည်–**

ကိုဗစ် COVID – 19 ဗိုင်းရပ်စ်ကြောင့် သင့်အိမ်ပြင်ပရှိ အခြားသူများနှင့် အဆက်အသွယ်အကြောင်း ဆုံးဖြတ်ချက်ချရာတွင် ခက်ခဲသောအချိန်တစ်ခုဖြစ်သည်ကို ကလေးနှင့် မိသားစုများအတွက် ဌာန – မိသားစု ဝန်ဆောင်မှုများ ဌာနခွဲတွင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေသူ မိဘတစ်ဦးအနေဖြင့် ကျွန်ုပ်တို့နားလည်ပါသည်။

ဤဗိုင်းရပ်စ်ပြန့်ပွားမှုလျော့ချရေး ကြိုးပမ်းရာတွင် ကျွန်ုပ်တို့မှ အဆင့်များစွာလုပ်ဆောင်နေကြောင်း သင့်ကို အသိပေးလိုပါသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး၏အရေးပေါ်ကြေညာချက် အကျုံးဝင်သက်ရောက်နေသမျှ ကာလပတ်လုံး ဤအဆင့်များ သက်ရောက်နေမည်ဖြစ်ပါသည်။ လက်ရှိတွင် ရုံးခန်းများကို ဝန်ထမ်းအနည်းဆုံးအရေအတွက်ဖြင့် လည်ပတ်နေပြီး သင်၏မိသားစု ဝန်ဆောင်မှုဝန်ထမ်းထံ ဆက်သွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ အီးမေးလ် သို့မဟုတ် ဆဲလ်ဖုန်းသာ ဖြစ်ပါသည်။ အလားတူစွာ နောက်ထပ်အသိပေးချက် မထုတ်ပြန်မချင်း အဖွဲ့လိုက်အစည်းအဝေးကို ဖုန်းဖြင့်သာ ပြုလုပ်သွားပါမည်။

သင်သိထားသည့်အတိုင်း ကျန်းမာရေးဌာနမှ နောက်ဆုံး ထုတ်ပြန်ထားသော လမ်းညွှန်ချက်များ၊ တရားရုံးတော်၏ မျှော်မှန်းချက်များနှင့်အညီ လိုက်နာ၍ ဘေးကင်းလုံခြုံပြီး သင့်တော်သော လုပ်နည်းအတိုင်း ဆက်သွယ်ရန်၊ မဖြစ်မနေ ဆောင်ရွက်ရန် DCF တွင် တာဝန်ရှိပါသည်။ ဗားမောင့်မှာ လက်ရှိတွင် ပြည်နယ်အရေးပေါ်အခြေအနေအောက် ရောက်နေပြီး CDC ထံမှ လတ်တလော အကြံပြုချက်ဖြစ်သည့် လူများအကြား ထိတွေ့ခြင်း နည်းပါးစေခြင်းကို လိုက်နာရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ ထိုသို့တုံ့ပြန်ဆောင်ရွက်ရာတွင် ဗိုင်းရပ်စ်ပြန့်ပွားမှု နှေးကွေးစေရန် နေ့ကလေးထိန်း ကျောင်းများ၊ ကျောင်းများနှင့် အများသုံးသည့်နေရာများကို ပိတ်ထားပြီး ဖြစ်ပါသည်။

မိဘများသည် သူတို့၏ကလေးများနှင့် ကွန်ပြူတာဖြင့်ဖန်တီးထားသော ပတ်ဝန်းကျင် ပုံရိပ်ရောင်ဖြင့် ဆက်သွယ်ခြင်း/အဝေးရောက် နည်းလမ်းများဖြင့် အဆက်အသွယ်လုပ်ရန် သဘောတူ၊ မတူအား ဖုန်းဆက်၍ မေးမြန်းဖို့ မိမိတို့၏ ဝန်ထမ်းများအား ညွှန်ကြားထားသည့် လမ်းညွှန်ချက်ကိုလည်း ကျွန်ုပ်တို့ ထုတ်ပြန်ပြီး ဖြစ်သည်။ ထိုသို့ဆောင်ရွက်မှုကို တယ်လီဖုန်းခေါ်ဆိုခြင်း၊ FaceTime, Skype, ZOOM, အစရှိသည်တို့ဖြင့် ပြုလုပ်နိုင်သည်။ မိမိတို့၏ မျှော်လင့်ချက်မှာ လူတိုင်းကိုဘေးကင်းစွာဖြင့် အဆက်အသွယ်မပြတ်ထားရန် သင်နှင့်အတူ စုပေါင်းလုပ်ဆောင်ရန် ဖြစ်ပါသည်။

လူကိုယ်တိုင် အဆက်အသွယ် လုပ်ရမည့်ကိစ္စရပ်ရှိခဲ့လျှင် ဗားမောင့်ကျန်းမာရေးဌာန (Vermont Department of Health) မှ အကြံပြုထားသည့် စစ်ဆေး မေးမြန်းရေး လုပ်ငန်းစဉ်ကို ကျွန်ုပ်တို့မှ လိုက်နာလုပ်ဆောင်နေပါသည်။ ဤမေးခွန်းများမှာ–

1. သင်သည် ကိုဗစ် COVID-19 လူနာနှင့် အနီးကပ် ထိတွေ့ဆက်ဆံမှု ရှိခဲ့ပါသလား။
2. သင်သည် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြင့် ဖျားနာနေပါသလား။
   *ချောင်းဆိုး၊ ကိုယ်အပူချိန်တက်၊အသက်ရှူမဝ၊ အသက်ရှူရ ခက်ခြင်းများ ဖြစ်ပါသလား။*

အဆိုပါမေးခွန်းတစ်ခုခုကို "yes"ဟု ဖြေလျှင် သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးသူထံ **ဖုန်းဆက်ဖို့** မိမိတို့မှ ပန်ကြားအပ်ပါသည်။
ဗားမောင့် ကျန်းမာရေးဌာန (Vermont Department of Health) သည် နေ့စဉ် နေ့လည် 2 နာရီတိုင်းတွင် အပ်ဒိတ်လုပ်ပေးသည့် ဝဘ်ဆိုက်တစ်ခုကို ဖန်တီးထားပြီးဖြစ်ပါသည်။ ကိုဗစ် COVID -19 ဆိုင်ရာ အသေးစိတ်မေးခွန်းများနှင့် စပ်လျဉ်း၍ နောက်ဆုံးရအချက်အလက်အများရယူရန်အတွက် ယင်းမှာ အသင့်တော်ဆုံး နေရာဖြစ်ပါသည်။
https://www.healthvermont.gov/response/infectious-disease/2019-novel-coronavirus

မိသားစု ဝန်ဆောင်မှုများ ဌာနခွဲ၏ Central Intake နှင့် အရေးပေါ် ဝန်ဆောင်မှု အစီအစဉ် (CIES) ကို 24 နာရီ/7 ရက်ပတ်လုံး ဝန်ထမ်းများဖြင့် ဆက်လက် အားဖြည့်ထားပါမည်။ 1(800)649-5285 တွင်လည်း ဆက်သွယ်ပါ။

အကယ်၍ သင်သည် DCF အုပ်ထိန်းမှုအောက်တွင်ရှိသော ကလေး သို့မဟုတ် လူငယ်တစ်ဦး၏ မိဘတစ်ဦးဖြစ်လျှင် သင့်ကလေးကို သင့်အိမ်နှင့်စောင့်ရှောက်မှု ပြင်ပတွင် ထားနေရသည့် အခက်အခဲကာလတစ်ခုဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။ ဗိုင်းရပ်စ်ပြန့်ပွားမှုအနည်းဆုံးလျော့ချဖို့ ကြိုးပမ်းရာတွင် ကလေးများနှင့် လူငယ်များအား စောင့်ရှောက်ပေးနေသော သူများအတွက် ကျွန်ုပ်တို့က အထောက်အကူများနှင့် လမ်းညွှန်ချက်များ ပေးအပ်လျှက်ရှိပါသည်။ ဗားမော့ ကျန်းမာရေးဌာန (Vermont Department of Health) မှ အကြံပြုထားသည့် အောက်ပါ ဘေးကင်းရေး လုပ်ဆောင်ချက်များကို ကျွန်ုပ်တို့မှ အကောင်အထည်ဖော်ပြီးဖြစ်သည်–

- ပြည်နယ်အုပ်ချုပ်ရေးမှူး၏ အရေးပေါ်ကြေညာချက်ထုတ်သည့် ကာလဖြစ်သည့် 4/15/20 အထိ မိသားစု ဝန်ဆောင်မှု ဝန်ထမ်းများသည် မွေးစားအုပ်ထိန်းမှု သို့မဟုတ် ဆွေမျိုးသားချင်းအုပ်ထိန်းမှု သို့မဟုတ် နေထိုင်ခွင့် အစီအစဉ်များ၏ကြီးကြပ်မှုအောက်တွင်ရှိသော ကလေးများ၊ လူငယ်များထံသို့ သွားရောက်မည် မဟုတ်ပေ။ သူတို့ကို ကလေးများ၊ လူငယ်များနှင့် သူတို့၏စောင့်ရှောက်အုပ်ထိန်းသူများထံသို့ ဖုန်းဖြင့်၊ Face Time နှင့် အခြားအီလက်ထရောနစ်နည်းဖြင့် အဆက်အသွယ်လုပ်ပေးမည်။
- အရေးပေါ်ကြေညာချက်ထုတ်သည့်ကာလအတွင်း အဖွဲ့လိုက် အစည်းအဝေးများနှင့် အမှုတွဲအစီအမံသုံးသပ်ချက်များကို ဖုန်းဖြင့်ပြုလုပ်သွားမည်။
- ခရီးသွားစရာမလိုအပ်လျှင် ဌာန၏ စောင့်ရှောက်မှု အောက်တွင်ရှိသော ကလေးများသည် ဗားမော့ပြည်နယ်ပြင်ပသို့ ခရီးသွားမည်မဟုတ်ပေ။
- မိသားစုများနှင့် မျက်နှာချင်းဆိုင်ဆက်သွယ်မှု မပြုလုပ်မီ စစ်ဆေးရေးကို တယ်လီဖုန်း (ပထမစာမျက်နှာရှိမေးခွန်းများကို ကြည့်ပါ)မေးရန်အတွက် ဗားမော့ ကျန်းမာရေးဌာန (Vermont Department of Health) ၏ လမ်းညွှန်ချက်များအတိုင်း ကျွန်ုပ်တို့ လိုက်နာပါမည်။
- တစ်စုံတစ်ဦးက စစ်ဆေးမေးခွန်းတစ်ခုခုကို “yes” ဖြေခဲ့လျှင် ကျွန်ုပ်တို့က သူတို့ကို ဖုန်းဖြင့်၊ Face Time သို့မဟုတ် အခြား အီလက်ထရောနစ်နည်းဖြင့် ဆက်သွယ်ဆောင်ရွက်သွားမည်။
- မိဘများနှင့် သူတို့၏ကလေးများကြား မိသားစုအချိန်ကို ဘေးကင်းစွာဖြင့် ဆက်ထားပေးရန် ကျွန်ုပ်တို့က နည်းလမ်းများ ရှာဖွေလျှက်ရှိသည်။ သင့်ကလေး (များ) နှင့် မိသားစုအချိန်အတွက် သင်က မစီမံရသေးလျှင် သင့်ထံသို့ မကြာမီ ဖုန်းခေါ်ဆိုသွားပါမည်။
- ဗားမော့ ကျန်းမာရေးဌာန၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာရန် ဤကာလအတွင်း ကလေးများ တစ်နေရာမှ တစ်နေရာသို့ သွားလာခြင်းကို ကန့်သတ်ရန် ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။

တရားရုံးတော်သည် အရေးပေါ်မဟုတ်သည့် တရားရုံးကြားနာမှုများကို ဧပြီလ 15 ရက်နေ့အထိ ရွှေ့ဆိုင်းလိုက်ပါသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးက အရေးပေါ်အခြေအနေကို ထပ်တိုးခဲ့လျှင် ဤရက်စွဲသည် ပြောင်းလဲနိုင်ပါသည်။ ကြားနာမှုတကယ်ပြုလုပ်ရသည့်အခါ ကြားနာမှုပြုလုပ်ချိန်၌ တရားရုံးထံသို့ ဖုန်းခေါ်ဆိုခြင်းဖြင့် ကြားနာမှုသို့ တက်ရောက်နိုင်သည်။

အများပြည်သူကြည့်နိုင်မည့် ဝဘ်ဆိုက်ကို ကျွန်ုပ်တို့ လွှင့်တင်နေပြီး မိမိတို့၏အလုပ်နှင့်စပ်လျဥ်းသည့်နောက်ထပ် အပ်ဒိတ်များကို ထိုဝဘ်ဆိုက်တွင် တင်ပေးသွားပါမည်။ နောက်ဆုံးရအချက်အလက်များကို ဤဆိုက်တွင် ကြည့်ပါ–

https://dcf.vermont.gov/fsd/COVID19

ဤအခက်အခဲကာလအတွင်း သင်နားလည်ပေးမှုအတွက် ကျေးဇူးတင်ပါသည်။

လေးစားရိုးသားစွာဖြင့်။

*[ထိုးမြဲလက်မှတ်]*
Christine Johnson
ဒု–ကော်မီရှင်နာမင်းကြီး
Department for Children & Families
မိသားစု ဝန်ဆောင်မှုများ ဌာနခွဲ